5-4-2014



# MSF-H ၏ လုပ်ငန်းဆောင်ရွက်မှုကို ယာယီဆိုင်းငံ့ထား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ပိုမိုအားဖြည့်ဆောင်ရွက်လျက်ရှိ

## ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

နယ်စည်းမခြား ဆရာဝန်များအဖွဲ့-ဟော်လန် (Medicins Sans Frontiers-Holland) သည် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ၉-၇-၂၀၀၂ ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

အဆိုပါအဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များမှာ ကောင်းမွန်သော်လည်း ၎င်းအဖွဲ့အစည်းတွင်ပါဝင်သည့် ဝန်ထမ်းအချို့၏အားနည်းချက်များကြောင့် ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများနှင့် မလိုလားအပ်သည့် ပြဿနာများဖြစ်ပွားလာခဲ့၍ ရခိုင်ပြည်နယ်အတွင်းရှိ MSF-H ၏ လုပ်ငန်းဆောင်ရွက်မှုကို ယာယီဆိုင်းငံ့ထားခဲ့ရပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ◆

◆ ကျော်ပုံးမှ

ထိုကဲ့သို့ ယာယီဆိုင်းငံ့ထားစဉ်ကာလအတွင်း MSF-H ၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အခြားနိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) နှင့် လောလောဆယ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ကြားကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ပိုမိုအားဖြည့်စီမံကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

### ပူးပေါင်းဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲ၍ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုအခြေအနေအရ MSF-H ၏လုပ်ငန်းဆောင်ရွက်မှုများကို ယာယီဆိုင်းငံ့ထားရခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများတွင် MSF-H နှင့် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် MSF-H ၏လုပ်ငန်းဆောင်ရွက်မှုများကို အခြေအနေပေးသည်နှင့်အမျှ ပြန်လည်ခွင့်ပြုပေးသွားရန် MSF-H နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာလုံးဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (The Global Fund) ၏ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# Press Release of Ministry of Health

Medicins Sans Frontiers-Holland (MSF-Holland) is an organization that operates to fight against AIDS, TV and Malaria and has been allowed to register in Myanmar since 9-7-2012.

Although MSF-Holland's aim and work procedures are beneficial to people, unwanted problems have been occurred with local people in Rakhine State due to weakness of MSF-Holland's some staff. So, MSF-Holland's operations are temporarily suspended in Rakhine State.

During temporary suspension period, the Ministry of Health will cooperate with other INGOs with regard to MSF-Holland's functions in Rakhine State and is striving for providing health care services to locals.

The Ministry of Health is cooperating in public health care service in joining hands with UN agencies and social organizations at home and abroad.

MSF-Holland's functions are temporarily suspended according to peace and stability in Rakhine State. The government is coordinating with MSF-Holland to cooperate in health care service and MSF-Holland's activities will be allowed to operate in Rakhine State at an opportune time.

The Ministry of Health expressed thanks for cooperating in infectious diseases control of The Global Fund.

**Ministry of Health**

5-4-2014